
ဘာသာပြန်-ပိုင်ဆက်
ငါ့မှာ
အမွေတွေကို
ဆက်ခံနိုင်တဲ့စနစ်တစ်ခုရှိတယ်
စာစဉ်(၁၂)

# ငါ့မှာ အမွေတွေကို ဆက်ခံနိုင်တဲ့ စနစ်ရှိတယ်

## အပိုင်း ၁၁၁

## စူးချင်နင်၏ မိဘများ

*

ကျင်းလင်မြို့ ရန်ဟဲပုဂ္ဂလိကဆေးရုံ၏ အထူးလူနာဆောင်။

ညနေ ၇ နာရီခန့်ကပင် လင်းဖန်နှင့် စူးချင်းနင်တို့သည် ကျင်းလင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။ ၎င်းတို့သည် အစာပင်မစားရသေးဘဲ ဆေးရုံသို့ တန်းလာခဲ့ကြခြင်းဖြစ်သည်။

"နန်နန်... သူက ဘယ်သူလဲ"

စူးချင်းနင်၏ မိဘနှစ်ပါးသည် ရိုးရိုးရှင်းရှင်း ဝတ်ဆင်ထားသည့် ရုပ်ချောချောလူငယ်လေးကို ကြည့်ကာ ဝေခွဲမရဖြစ်နေကြသည်။ နှစ်ပေါင်းများစွာအတွင်း သမီးဖြစ်သူက လူငယ်တစ်ယောက်ကို အိမ်သို့မဟုတ် ဆေးရုံအထိ ခေါ်လာသည်မှာ ယခု ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

"အဖေ၊ အမေ... သူက လင်းဖန်လေ၊ အဖေတို့ အမေတို့ကို ဒီမှာနေဖို့ စီစဉ်ပေးတဲ့သူပေါ့"

စူးချင်းနင်သည် မိခင်ဖြစ်သူကို ကူတွဲပေးရင်း လောလောလောလောနှင့် မိတ်ဆက်ပေးလိုက်သည်။

ဘာ...

စူးဖခင်နှင့် စူးမိခင်တို့သည် ထိုစကားကို ကြားလိုက်ရသည့်အခါ မျက်နှာအမူအရာများ ချက်ချင်းပြောင်းလဲသွားပြီး မျက်ဝန်းထဲတွင်

ကျေးဇူးတင်ရိပ်များ အထင်အသား ပေါ်လာသည်။ မိခင်ဖြစ်သူမှာ ကုတင်ပေါ်မှပင် အတင်းထကာ ကျေးဇူးတင်စကားဆိုရန် ကြိုးစားရှာသည်။

"ဦးလေးနဲ့ အန်တီ... ဒါမျိုး မလုပ်ပါနဲ့ဗျာ ကျွန်တော်နဲ့ ချင်းနင်က အထက်တန်းကတည်းက တက္ကသိုလ်အထိ ကျောင်းနေဖက်တွေပါ"

လင်းဖန်က ၎င်းတို့ကို အလျင်အမြန်ပင် တားလိုက်ပြီး

"ဒါက ကျွန်တော် တတ်နိုင်တဲ့ဘက်က ကူညီပေးတာပါ"

ဟု ပြောလိုက်သည်။

"ကျေးဇူး... ကျေးဇူးပါကွယ်..."

စူးဖခင်မှာမူ ဘာမှပင်မဆိုင်းမတွဘဲ လင်းဖန်ကို ဦးညွှတ်ကျေးဇူးတင်လိုက်သည်။ လင်းဖန်က

ထိုဂါရဝကို ငြိမ်ခံလိုက်သည်။ အကြောင်းမှာ သူက အသိအမှတ်မပြုလျှင် စူးချင်းနှင်တို့ မိသားစုက ပို၍ အားနာနေကြမည်ကို သိသောကြောင့်ဖြစ်သည်။

"လင်းဖန်... ငါ... ငါ နင့်ကို ကျေးဇူးဆပ်မှာပါ"

စူးချင်းနှင်က လင်းဖန်ကို စိုက်ကြည့်ရင်း အားတုံ့အားနာနှင့် ပြောလိုက်သည်။

အကယ်၍သာ ရှေ့မှလူငယ်လေးသာ မရှိခဲ့လျှင် သူ့မမိခင်မှာ ယခုထက်တိုင် ကုတင်ပေါ်တွင် နာမကျန်းဖြစ်နေရရှာမည်။ ယခုမူ ခွဲစိတ်မှုလည်း အောင်မြင်သွားပြီဖြစ်သလို ပါရဂူများ၏ ဆေးကုသမှုအစီအစဉ်ကြောင့်လည်း အမြန်ဆုံး ပြန်လည်ကျန်းမာလာတော့မည် မဟုတ်ပါလား။

"စူးချင်းနှင်"

ထိုစဉ် လင်းဖန်က ခေါင်းမော့ကြည့်လိုက်သည်။

"ဟင်"

"ငါ့မိသားစုအကြောင်းကိုလည်း နင်သိတာပဲ။ ငယ်ငယ်ကတည်းက အိမ်နီးနားချင်းတွေ၊ ဆွေမျိုးမိတ်ဆွေတွေရဲ့ အကူအညီကြောင့်သာ ငါက အခုလို တည်တည်ငြိမ်ငြိမ် နေနိုင်ခဲ့တာ၊ စီးပွားရေးလုပ်နိုင်ခဲ့တာ၊ ရန်တက္ကသိုလ်ကို တက်ခွင့်ရခဲ့တာ"

"ဒါကြောင့် ငါ့အတွက်တော့ ဒါတွေက အသေးအဖွဲလေးတွေပါ၊ စိတ်ထဲထားမနေပါနဲ့"

လင်းဖန်က ပြုံးရင်း လက်ယမ်းပြကာ ဆက်ပြောသည်။

- "နင့်မိဘတွေကို ဒီမှာပဲ စိတ်အေးအေးထားထားပါ၊ အကုန်လုံးကို ငါစီစဉ်ပေးမယ် ဒါနဲ့ ငါ့မှာ ဟိုဘက်မှာ ကိစ္စလေးတစ်ခု ရှိသေးလို့ အရင်သွားလိုက်ဦးမယ်"

စကားအဆုံးတွင် သူက စူးမိဘများကို

နှုတ်ဆက်လိုက်သည်။

- "ဦးလေးနဲ့ အန်တီ၊ ကျွန်တော် ကိစ္စလေးရှိလို့ သွားလိုက်ပါဦးမယ် အားတဲ့အခါမှ ပြန်လာတွေ့ ပါ့မယ်"

ထွက်ခွာသွားသော လင်းဖန်၏ ကျောပြင်ကို ကြည့်ရင်း စူးချင်းနင်သည် ပါးစပ်ကို လက်ဖြင့် အုပ်ကာ မျက်ရည်များ ဝိုင်းလာခဲ့သည်။

လင်းဖန်က

"ငါ့ရည်းစားလုပ်ပါ" ဆိုသော စကားမျိုး ပြော လိမ့်မည်ဟု သူမ ထင်ထားခဲ့သော်လည်း သူကမူ ထိုအကူအညီများကို အရေးမပါသလိုမျိုး ပေါ့ ပေါ့ပါးပါးသာ သဘောထားသွားခဲ့သည်။

ထိုအချက်ကပင် စူးချင်းနင်ကို ငိုချင်စိတ် ပေါက်သွားစေခြင်း ဖြစ်သည်။

ည ၉ နာရီခန့်တွင် လင်းဖန်သည် သူ၏ နေအိမ် ဖြစ်သော ကျန့်ခန်းဥယျာဉ်သို့ ကားမောင်းပြန်

ရောက်လာသည်။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် လူတစ်ယောက် သူ့ထံသို့ အပြေးအလွှား ရောက်လာသည်။

"သူဌေး… သတင်းကောင်းရှိတယ်"

မိုရှင်းယာက စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

လင်းဖန်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ပေကျင်းက ဖုန်းလာပါတယ် ဝန်ကြီးကျောက် ကိုယ်တိုင် ကုမ္ပဏီကို ဖုန်းဆက်တာပါ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ကျွန်မတို့ရဲ့ တောင်းဆိုချက်ကို သဘောတူလိုက်ပြီး ပူးတွဲ သတင်းစာရှင်းလင်းပွဲ လုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ထိုစကားကြောင့် လင်းဖန်၏ မျက်နှာတွင်

ဝမ်းသာရိပ်များ ယှက်သန်းသွားသည်။

အစိုးရ၏ တရားဝင် ထောက်ခံမှုနှင့်အတူ လုံထန်အုပ်စုကို မြှင့်တင်နိုင်ခြင်းသည် Nirvana Xကို လူသိအများဆုံး ဖြစ်သွားစေမည့် ဗျူဟာမြောက် ခြေလှမ်းတစ်ခု ဖြစ်သည်။

"သူဌေး... စစ်တပ်ကလည်း တုံ့ပြန်လာပါတယ် သူတို့က ပူးပေါင်းကြော်ငြာပေးဖို့ သဘောတူရုံတင်မကဘူး၊ ကျွန်တော်တို့ကို 'စစ်ဘက်ဆိုင်ရာ သတ်မှတ်ဝယ်ယူရေး ယူနစ်' ဆိုတဲ့ လက်မှတ်ပါ ပေးလိုက်ပါတယ်"

"ဟာ... ဟား... တကယ်ကို သတင်းကောင်းပဲ"

လင်းဖန်ပင် မအောင့်နိုင်တော့ဘဲ ရယ်မောမိသွားသည်။ စစ်တပ်၏ အသိအမှတ်ပြုလက်မှတ်ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လက်နက်ထုတ်လုပ်ရေး အုပ်စုကြီးများသာ ရရှိလေ့ရှိသည့် အခွင့်ထူးခံ အဆင့်အတန်းမျိုး ဖြစ်သည်။ ဤ

လက်မှတ်ရှိနေလျှင် မည်သူမျှ လာရောက်နှောင့်ယှက်ရဲမည် မဟုတ်တော့ပေ။

"စစ်တပ်က ဒီလောက်အထိ သဘောတူတယ်ဆိုတာ ထူးခြားတဲ့ အကြောင်းရင်း တစ်ခုခု ရှိရမယ်"

လင်းဖန်က စိတ်ကို ပြန်ထိန်းကာ မေးလိုက်သည်။

"သူ့ဌေး ခန့်မှန်းတာ မှန်ပါတယ် စစ်တပ်က ကျွန်တော်တို့နဲ့ အပြည့်အဝ ပူးပေါင်းပြီး သုတေသနဌာနတစ်ခုကို ပူးတွဲတည်ထောင်ချင်နေတာပါ"

ဟု မော့ရှင်းယာက တင်ပြသည်။

"ဒါကြောင့်ကိုး..."

လင်းဖန် ချက်ချင်း သဘောပေါက်သွားသည်။ စစ်တပ်သည် လုံထန်အုပ်စု၏ သိပ္ပံနည်းကျ သုတေသနစွမ်းအားကို အသုံးချကာ ၎င်းတို့၏

နည်းပညာအင်အားကို မြှင့်တင်လိုခြင်း ဖြစ်သည်။

တန်ရှမ်စနစ်၏ လုံခြုံရေးကို စစ်ဆေးပြီး နောက် ဟာကွက်မတွေ့သဖြင့် ယခုကဲ့သို့ ပူးပေါင်းရန် ကမ်းလှမ်းလာခြင်း ဖြစ်ပေလိမ့်မည်။

လင်းဖန်က ခေတ္တစဉ်းစားပြီးနောက် ခေါင်းငြိမ့်ကာ ပြောလိုက်သည်။

- "ကောင်းပြီ၊ သူတို့ကို သဘောတူတယ်လို့ ပြောလိုက်ပါ"

အစိုးရနှင့် စစ်တပ်၏ အင်အားကို ရယူပြီး မိမိတို့၏ နည်းပညာကို ပိုမိုမြင့်မားသော အဆင့်သို့ တွန်းပို့နိုင်မည့် ဤအခွင့်အရေးကို လင်းဖန် ငြင်းပယ်စရာ အကြောင်းမရှိပေ။

"ဟုတ်ကဲ့ ကျွန်မ စစ်တပ်ဘက်ကို ချက်ချင်း အကြောင်းပြန်လိုက်ပါ့မယ်"

ဟု မိုရှင်းယာက ပြန်လည်ဖြေကြားလိုက်လေသည်။

***